# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၂၈ ရက်မြောက်နေ့ အစီအစဉ်

# ၂၉ – ၉ – ၂၀၁၁ (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း–

(က) ဦးဝင်းဆွေ၊ ညောင်ရွှေ မဲဆန္ဒနယ်၏ **“ နမ့်ပန်ကျေးရွာအုပ်စုကို မြို့နယ်အဆင့်တိုးမြှင့်ပေးရန် ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးတင်ထွန်း၊ ရွှေကျင်မဲဆန္ဒနယ်၏ **“ နိုင်ငံကူးလက်မှတ်ထုတ်ပေးမှု ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ဂ ) ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်၏ **“ အကျဉ်းထောင် များရှိ အထူးအကျဉ်းသားများ ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ဃ ) ဦးကင်းစိန်၊ သရက်ချောင်း မဲဆန္ဒနယ်၏ **“ မီးရထားလမ်း ဖောက် လုပ်မှု ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်၏ **" ရန်ကုန်–မော်လမြိုင်–ဘားအံနှင့် ရန်ကုန်–သထုံ–ဘားအံမီးရထားလမ်း ပြေးဆွဲပေးရန် "** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးဘထီး၊ ရမ်းဗြဲ မဲဆန္ဒနယ်၏ **" ပြည်တွင်းရေကြောင်း သင်္ဘော "** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်း၏ **" ကုလားတန်မြစ် ချောင်းဝ တူးဖော်ပေးရေး "** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်း"**ကို ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီ အလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူက **" တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း"** ကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **" တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း"**ကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း။

၉။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်၏ **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီးပွားရေးတည်ငြိမ်ဖွံ့ဖြိုးရေးအတွက် ခိုင်မာသည့် ငွေကြေးမူဝါဒများ ချမှတ်ပြီး သဘာဝကျ၍ ဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်မည့် နိုင်ငံခြားငွေ လဲလှယ်နှုန်းကို ဥပဒေနှင့်အညီ သတ်မှတ်ဆောင်ရွက်ရန် "** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဝင်းမြင့်၊ မြင်းခြံ မဲဆန္ဒနယ်။

(ခ) ဦးမောင်မောင်စိုး၊ သာကေတ မဲဆန္ဒနယ်။

(ဂ) ဦးစိုးဝင်း၊ စမ်းချောင်း မဲဆန္ဒနယ်။

(ဃ) ဦးစိုင်းကျော်မြင့်၊ မိုးနဲ မဲဆန္ဒနယ်။

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၁၁။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၂။ ဒေါ်မိယဉ်ချမ်း၊ ကျိုက်မရောမဲဆန္ဒနယ်၏ **"အမျိုးသမီးများနှင့်သက်ဆိုင်သော ဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ရန် "** အဆိုတင်သွင်းခြင်း။

၁၃။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၄။ ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်၏ **"ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက်ဖွင့်လှစ်ထားရှိရေး"**အဆို တင်သွင်းခြင်း။

၁၅။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ရပ်နားကြောင်း နှင့် အစည်းအဝေး ၂၉ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။